Public Disclosure Authorized

Public Disclosure Authorized

THE WORLD BANK
IBRD • IDA | WORLD BANK GROUP

# World Bank Response to KPSN Statement on Peaceful and Prosperous Communities Project

[English Version]

We appreciate the statement by the Karen Peace Support Network (KPSN) on the World Bank's Peaceful and Prosperous Communities Project.

This proposed $200 million project, which is still being prepared and has yet to be approved by the World Bank's Board, is designed to improve basic infrastructure and increase economic opportunities for rural communities in conflict-affected areas of Myanmar - which have some of the highest and most persistent levels of poverty and deprivation in the country.

All along, the project has been developed in a conflict-sensitive manner that puts communities first, by helping them directly manage resources to finance the types of infrastructure and services that they need the most.

The project emphasizes joint ownership -- project activities would not begin until the government and ethnic organizations have jointly agreed on geographic areas for such activities, and the investment priorities identified by the communities have been screened and endorsed at the township level by all parties - including the government, ethnic organizations, local civil society organizations, and the communities themselves.

In line with this people-centered approach, the World Bank has already conducted extensive consultations for this project. More than 60 meetings, involving more than 1,000 individuals and 130 organizations, have been held to date.

We understand the concerns raised in the statement by KPSN, and we take them seriously. Before this project goes to our Board, we will continue to reach out and discuss these issues - including with the signatories of this letter - to ensure that the project is designed to deliver real benefits to those in need while not furthering tensions or otherwise doing harm.

We agree that peace and prosperity in conflict affected areas cannot be realized by development alone. At the same time, those who have suffered though decades of conflict have real needs – to send their children to school, to have access to quality healthcare, to access livelihood opportunities. We will continue to look for ways to ensure that the benefits of Myanmar's transition are more inclusively shared across the country.

[Burmese version]

## ငြိမ်းချမ်းသာယာဝပြောသော ရပ်ရွာအသိုင်းအဝိုင်းများ တည်ဆောက်ရေးစီမံကိန်း (PPCP) အပေါ် KPSN အဖွဲ့၏ သတင်းထုတ်ပြန်ချက်နှင့် စပ်လျဉ်းသည့် အသိပေးပြန်ကြားချက်

ကမ္ဘာ့ဘဏ်၏ ငြိမ်းချမ်းသာယာဝပြောသော ရပ်ရွာအသိုင်းအဝိုင်းများ တည်ဆောက်ရေးစီမံကိန်း (PPCP) နှင့် စပ်လျဉ်း၍ ကရင်ငြိမ်းချမ်းရေး အထောက်အကူပြု ကွန်ယက် (KPSN) အဖွဲ့၏ သတင်းထုတ်ပြန် ချက်အား အသိအမှတ်ပြုပါကြောင်း ဦးစွာ ပြောကြားလိုပါသည်။

အဆိုပါ အဆိုပြုစီမံကိန်းသည် ရံပုံငွေ အမေရိကန်ဒေါ်လာ သန်း၂၀၀ ခန့်ဖြင့် ဆောင်ရွက်မည့် စီမံကိန်း ဖြစ်ပြီး လက်ရှိအနေဖြင့် စီမံကိန်းရေးဆွဲပြင်ဆင်သည့် အဆင့်တွင်သာ ရှိပြီး ကမ္ဘာဘဏ်ဘုတ်အဖွဲ့မှ အ တည်ပြုချက် ရယူရန် ဆောင်ရွက်ဆဲ အခြေအနေသာ ဖြစ်ပါသည်။ ၎င်းစီမံကိန်းသည် မြန်မာနိုင်ငံ အတွင်း အချို့သော နွမ်းပါးချို့တဲ့မှု အတိုင်းအတာ ကာလအရှည်ကြာဆုံးနှင့် အမြင့်မားဆုံး အခြေအနေများရှိပြီး ပဋိပက္ခ သက်ရောက်မှုဒဏ် ခံစားရသည့် ဒေသများရှိကျေးလက်ပြည်သူများအတွက် အခြေခံအဆောက် အအုံများ တိုးတက်ကောင်းမွန်စေရေးနှင့် စီးပွါးရေး အခွင့်အလမ်းများ တိုးပွါးစေရန် ရည်ရွယ်ရေးဆွဲထား သည့် စီမံကိန်းတစ်ခု ဖြစ်ပါသည်။

စီမံကိန်းကာလတစ်လျှောက်လုံးတွင် ဒေသခံပြည်သူများအတွက် အလိုအပ်ဆုံးဖြစ်မည့် အခြေခံအ ဆောက်အအုံနှင့် ဝန်ဆောင်မှုအမျိုးအစားများအတွက် ငွေကြေးပံ့ပိုးဖြည့်ဆည်းရန် အရင်းအမြစ်များအား ၎င်းတို့ကိုယ်တိုင် တိုက်ရိုက်စီမံခန့်ခွဲနိုင်ရေး ပံ့ပိုးပေးခြင်းဖြင့် ဒေသခံပြည်သူများကို အဓိကထား ဦးစား ပေးဆောင်ရွက်မည် ဖြစ်ပြီး ပဋိပက္ခ/ထိရှလွယ်မှု အခြေအနေများအပေါ် သိရှိနားလည်၍ အထူးသတိပြု လုပ်ဆောင်မည့် နည်းလမ်းဖြင့် ဆောင်ရွက်နိုင်ရန် စီမံကိန်းကို ရေးဆွဲပြင်ဆင်လျက် ရှိပါသည်။

စီမံကိန်းအနေဖြင့် ပူးတွဲတာဝန်ယူ ဆောင်ရွက်မှုရှိစေရန် အဓိကထား လုပ်ဆောင်မည် ဖြစ်ပြီး အဆိုပါ စီမံ ကိန်းလုပ်ငန်းများ ဆောင်ရွက်မည့် တည်နေရာ၊ ဒေသများနှင့် စပ်လျဉ်း၍ အစိုးရနှင့် တိုင်းရင်းသား အဖွဲ့ များအကြား ပူးတွဲသဘောတူညီချက် ရရှိသည့် အချိန်မတိုင်မီအထိ စီမံကိန်းလုပ်ငန်းများ စတင်မည် မဟုတ်ပါ။ ထို့ပြင် ဒေသခံပြည်သူများမှ ရွေးချယ်သတ်မှတ်သည့် ဦးစားပေးစီမံကိန်းလုပ်ငန်းများအပေါ် မြို့နယ်အဆင့်၌ စီစစ်အတည်ပြုရာတွင်လည်း အစိုးရအဖွဲ့အစည်း၊ တိုင်းရင်းသား အဖွဲ့အစည်းများ၊ ဒေသ ခံ အရပ်ဖက်လူမှုအဖွဲ့အစည်းများနှင့် ဒေသခံပြည်သူများ အပါအဝင် သက်ဆိုင်သည့် ပုဂ္ဂိုလ်/ အဖွဲ့အ စည်းများ အားလုံး ပါဝင်ဆောင်ရွက်မည် ဖြစ်သည်။

ယင်းသို့ ပြည်သူဗဟိုပြု ဆောင်ရွက်သည့် နည်းလမ်းနှင့်အညီ ကမ္ဘာ့ဘဏ်အနေဖြင့်လည်း ၎င်းစီမံကိန်း အတွက် အကြံပြုဆွေးနွေးပွဲများ ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ပြီး ဖြစ်ပါသည်။ ယနေ့အထိ လူပုဂ္ဂိုလ် ပေါင်း ၁၀၀၀ ကျော်/ အဖွဲ့အစည်းပေါင်း ၁၃၀ ကျော်ခန့် ပါဝင်သည့် အစည်းအဝေးအရေအတွက် ၆၀ ကျော် ခန့်အထိ ဆောင်ရွက်ပြီး ဖြစ်ပါသည်။

KPSN အဖွဲ့၏ သတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည့် စိုးရိမ်ပူပန်မှုများအပေါ် ကောင်းစွာ သိရှိ နားလည်ပြီး မိမိတို့အနေဖြင့်လည်း အဆိုပါ အကြောင်းအရာများကို အထူးအလေးအနက်ထားကြောင်း ဖော်ပြလိုပါသည်။ ဤစီမံကိန်းအတွက် ဘုတ်အဖွဲ့သို့ မတင်ပြမီ စီမံကိန်းအနေဖြင့် လိုအပ်နေသည့် ပြည် သူများအတွက် စစ်မှန်သည့် အကျိုးကျေးဇူးများဖော်ဆောင်နိုင်ရေးနှင့် ထိခိုက်မှုများ (သို့) တင်းမာမှုများ ထပ်မံဖြစ်ပေါ်စေခြင်းမျိုး မရှိစေရန် ဖော်ပြပါစာ၌ ပါဝင်လတ်မှတ်ရေးထိုးထားသူများ အပါအဝင် သက် ဆိုင်သူများနှင့် တွေ့ဆုံ၍ အဆိုပါကိစ္စရပ်များအပေါ် ဆွေးနွေးနိုင်ရန် ဆက်လက်ဆောင်ရွက်မည် ဖြစ် သည်။

ပဋိပက္ခသက်ရောက်မှု ခံစားရသည့် ဒေသများတွင် ငြိမ်းချမ်းရေးနှင့် သာယာဝပြောမှုများ ဖော်ဆောင်ရာ တွင် ဖွံ့ဖြိုးရေးလုပ်ငန်းများဖြင့်သာ ဆောင်ရွက်ရန်မဖြစ်နိုင်ကြောင်း မိမိတို့အနေဖြင့် သဘောတူပါသည်။ တစ်ချိန်တည်းတွင် ပဋိပက္ခ သက်ရောက်မှုများကို ဆယ်စုနှစ်များစွာကြာ ခံစားနေကြရသည့် ပြည်သူများ အနေဖြင့် ကလေးငယ်များ ပုံမှန်ကျောင်းတက်နိုင်ရေး၊ အရည်အသွေးရှိသည့် ကျန်းမာရေး စောင့်ရှောက် မှုများ ခံစားရရှိနိုင်ရေး၊ အသက်မွေးဝမ်းကျောင်း အခွင့်အလမ်းများ ရရှိနိုင်ရေး စသည့် အမှန်တကယ် လိုအပ်ချက်များ ရှိနေပါသည်။ မိမိတို့အနေဖြင့် မြန်မာနိုင်ငံ၏ ပြုပြင်ပြောင်းလဲမှုများမှတဆင့် ရရှိလာ သည့် အကျိုးကျေးဇူးများအား နိုင်ငံတဝှမ်းရှိ ပြည်သူများအားလုံး ပိုမိုပါဝင်၊ မျှဝေခံစားနိုင်ရေးအတွက် နည်းလမ်းများ ဆက်လက်ရှာဖွေဆောင်ရွက်သွားမည်ဖြစ်သည်။